**Highlights from DVB Debate's Yangon Government achievement**
**Jan 20th, 2018**

What has the Yangon Government achieved?

ရန်ကုန်တိုင်းအစိုးရဆီက ဘာတွေသင်ခန်းစာယူမလဲ?

"အုပ်ချုပ်ရေးပိုင်းမှာ အရင်ခေတ်အဆက်ဆက်ကနဲ့ မတူတဲ့ အပြောင်းအလဲဖြစ်ခဲ့တယ်။ လူထုအစိုးရရဲ့ သဘော သဘာဂပိုပီပြင်လာခဲ့တယ်။ အရံအတားတွေ အကာအရံတွေ၊ လုံခြုံရေးတွေနဲ့ တင်းတင်းကျပ်ကျပ်နဲ့ နေတဲ့ ဂန်ကြီးချုပ်မျိုး မဟုတ်ဘူး။ ဒါဟာအရေးကြီးတဲ့အပြောင်းအလဲတစ်ခုဖြစ်တယ်။ လူထုက လမ်းကြောင်း လာပြီဆိုရင် ဘယ်ပြေးလို့ ဘယ်ရှောင်ရမယ့် ဘဂတွေမှာ နေခဲ့ကြရတာလေ။ အခုကျတော့ ဒီအခြေအနေမျိုး မရှိတော့ဘူး။"

## ကိုဂျင်မီ ၈၈ မျိုးဆက်၊ (ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့ အဖွဲ့ အစည်း)

------------------------------------------------------------------------------------------------------------

"YBS ကိုကျနော်တို့ လွှတ်တော်အမတ်တွေလည်း အောင်မြင်စေချင်တယ်။ အောင်မြင်အောင်လည်း ကျနော် တို့ လွှတ် တော် ကိုယ်စားလှယ်တွေ ပိုင်းဂန်းပြီးတော့ ၅ ရက်တိုင်တိုင်အပင်ပမ်းခံပြီးတော့ ကိုယ့်နယ်မြေအလိုက် လုပ်ခဲ့တာပါ။ သို့ သော် စီမံခန့် ခွဲမှုအလွဲများနဲ့ ကျဆုံးမှုတွေများခဲ့တယ်။ YBS ကိုအောင်မှတ်မပေးချင်ဘူး။"

## ဦးကျော်ဇေယျ ( ရန်ကုန်တိုင်းဒေသကြီး၊ လွှတ်တော်ကိုယ်စားလှယ် )

------------------------------------------------------------------------------------------------------------

"NLD နိုင်ခဲ့ပေမယ့် အစိုးရအဖွဲ့ ကိုတကယ်တမ်းဖွဲ့ စည်းခဲ့တဲ့အခါကျတော့ NLD ကပါဂင်တဲ့သူနည်းပါတယ်။ ဒါကြောင့် ဒီအစိုးရအဖွဲ့ ရဲ့ လုပ်ရည်ကိုင်ရည်ကိုဆန်းစစ်ပြီးတော့ NLD ကိုမနှိမ့်ချပါနဲ့ လို့ တော့ ပြောချင်တယ်။"

## ဦးခင်လှိုင် (ဇောတိက)

------------------------------------------------------------------------------------------------------------

"ဂန်ကြီးချုပ်က မှားချင်မှားမယ် မှန်ချင်မှန်မယ်။ လုပ်စရာရှိတာကိုတော့ သူအပြတ်လုပ်ချလိုက်တာပဲ။ ဒါပေမယ့် ကျနော်တို့ နောက်ကလိုက်ဖြည့်ရမယ့် အရာတွေကတော့ မြင်တယ်။"

**ကိုဂျင်မီ ၈၈ မျိုးဆက်၊ (ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့ အဖွဲ့ အစည်း)**

---

"လက်ရှိအခြေအနေအရ ရန်ကုန်ဟာ ရန်ကုန်မဆန်သေးဘူး။ ရန်ကုန်မှာ ရှိသင့်ရှိထိုက်တဲ့ အရည်အချင်းတွေ ရအောင်ဆွဲ မထုတ်နိုင်သေးဘူးလို့ မြင်ပါတယ်။ အစိုးရအနေနဲ့ ပေးခဲ့တဲ့ကတိတွေအတိုင်း မလုပ်နိုင်တာတွေ ရှိသေးတယ်။ "

**မသဉ္ဇာရွှန်းလဲ့ရည် ၊ ဥက္ကဌ (ရန်ကုန်လူငယ်ကွန်ရက်)**

---

"ဒီကနေ့အချိန်ထိ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လွှတ်တော်ရဲ့အတည်ပြုချက်ကို ရယူပြီးလုပ်တဲ့ စီမံကိန်း တစ်ခုမှ မရှိပါဘူးလို့ ကျနော်ပြောချင်ပါတယ်"

**ဦးကျော်ဇေယျ ( ရန်ကုန်တိုင်းဒေသကြီး၊ လွှတ်တော်ကိုယ်စားလှယ် )**

---

"ရန်ကုန်တိုင်းအစိုးရကိုတောင်းဆိုချင်တာကတော့ ရန်ကုန်မြို့ရဲ့ ရွှေတိဂုံဘုရားဂန်းကျင် အထပ်မြင့်ဆောက်တဲ့ ကိစ္စပါ။ရွှေတိဂုံဘုရားကြီးရဲ့ အရှေ့မြင်ကွင်း ကန္တာအေးဘုရားလမ်းနဲ့ ကန်တော်ကြီး ပတ်လမ်းဒေါင့်မှာ ကိုးထပ်အဆောက်အဦးပေး ထားတာကိုတွေ့ရပါတယ်။ တကယ်တော့အဲလိုပေးလို့မရပါဘူး။ ရွှေတိဂုံဘုရားကြီးရဲ့ အဓိကမြင်ကွင်းကျတဲ့နေရာမှာပေးလို့မရပါဘူး။ ခြောက်ထပ်ပဲခွင့်ပြုထားတဲ့နေရာပါ။ နောက်တစ်ခုက စစ်သမိုင်းပြတိုက်နေရာပါ။ လေးထပ်ပဲဆောက်လို့ ရတဲ့နေရာပါ။ ဒါတွေကိုပြန်စိစစ်ပေးစေချင်ပါတယ်"

**ဦးခင်လှိုင် (ဇောတိက)**

---

"လူငယ်တွေ နေပျော်တဲ့မြို့ဖြစ်လာအောင်ဆောင်ရွက်ပေးဖို့ က လက်ရှိတာဝန်ယူနေတဲ့အစိုးရမှာ တာဝန်ရှိတယ်။ ဒါတွေဖြစ်ဖို့ ကို လူငယ်တွေရဲ့ လက်ရှိစိတ်ဝင်စားမှု သူတို့ ရဲ့ အကြံပြုချက်တွေကို အခုကတည်းက ယူသင့်တယ်လို့ ပြောချင်တယ်။"

**မသဥ္ဇာရွှန်းလဲ့ရည် ၊ ဥက္ကဌ (ရန်ကုန်လူငယ်ကွန်ရက်)**

---